MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်

**၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ၂၀၁၉ ခုနှစ်၊ မတ်လ ( ၃၁ ) ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ( ၁၉ ) ရက်တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ သာမန်အစုရှယ်ယာ တစ်စုလျှင် ၂၅၀ ကျပ်နှုန်း ခွဲဝေရန်ဆုံးဖြတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ယင်းအဆိုပြုထားသည့် အမြတ်ဝေစုပမာဏကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ( ၇ ) ရက်နေ့တွင် ကျင်းပပြုလုပ်ရန် ရည်ရွယ်ထားသည့် ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့် ခွဲဝေသွားမည်ဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အနေဖြင့် အဆိုပါအမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ( ၁၂ ) ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်) (Record Date) နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစုရှယ်ယာရှင်များမှ အတည်ပြုပြီးသော အမြတ်ဝေစုပမာဏနှင့် အဆိုပါအမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးပြီးသည့်နောက်တွင် အသိပေးကြေညာသွားမည် ဖြစ်ပါသည်။

၂၀၁၉ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၁၉ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ မတိုင်မီထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု ခွဲဝေခြင်း**

| | ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုချက် | ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုချက် |
|---|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့် ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် |
| အစုရှယ်ယာတစ်စုအတွက် အမြတ်ဝေစု | ၂၅၀ ကျပ် | ၂၃၀ ကျပ် |
| စုစုပေါင်း အမြတ်ဝေစုခွဲဝေသည့် ပမာဏ | ကျပ်သန်းပေါင်း ၉,၇၃၂.၂၉ ကျပ် | ကျပ်သန်းပေါင်း ၈,၉၅၃.၇၀ ကျပ် |
| ငွေအရင်းအမြစ် | ယခုနှစ်အမြတ် | ယခုနှစ်အမြတ် |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ထပ်မံကြေညာပါမည် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် |

* **အမြတ်ဝေစုခံစားခွင့်မရှိသောအစုရှယ်ယာဝယ်ယူသည့်ရက်** (*Ex-dividend Date*)ဆိုသည်မှာ ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းရှင်းခြင်းနှင့် ပေးချေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (T+3 Settlement) အရ အမြတ်ဝေစု ရရှိရန်အတွက် နောက်ဆုံးဝယ်ယူရမည့်နေ့ရက်သည် **အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date)** မတိုင်မီ (၃)ရက် ဖြစ်ရပါမည်။ **အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date)** မတိုင်မီ ရှေ့(၂)ရက်မှစ၍ အစုရှယ်ယာဝယ်ယူပါက အဆိုပါအစုရှယ်ယာအား ဝယ်ယူသူသည် ယခုအဆိုပြုထားသည့် အမြတ်ဝေစုကို ခံစားခွင့်ရရှိမည် မဟုတ်ပါ။

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

**** အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက်** (*Record Date)* ဆိုသည်မှာ အဆိုပါနေ့ရက်တွင် အစုရှယ်ယာရှင်စာရင်း၌ မှတ်တမ်းဝင်သော အစုရှယ်ယာရှင်များသည် အစုရှယ်ယာရှင် ရရှိမည့်အခွင့်အရေးများ (အမြတ်ဝေစုနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မဲပေးခွင့်) ကို ရရှိမည်ဖြစ်ပါသည်။

**"Record Date"** ၏ အဓိပ္ပာယ်အားပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/en/notice-27062016_01/ တွင်ဖတ်ရှုနိုင်ပါသည်။



**ထွန်းလွင်**

**Board Secretary**